**ချက်ချင်းထုတ်ပြန်မှုအတွက်**

## မြန်မာပြည်–ဗုဒ္ဓဘာသာသံဃာတော်များအားညှဉ်းပန်းနှိပ်စက်မှုကိုရပ်ပါ

*တော်လှန်ပုန်ကန်အရေးတော်ပုံကြီးအပြီး နှစ်နှစ်မြောက်နှစ်ပတ်လည်တွင် ခြိမ်းခြောက်မှုများပိုပြီးပြင်းထန်လာနေ*

(ဗန်ကောက်၊ ဇာက်တင်ဘာလ ၂၂၊ ၂၀၀၉) – မြန်မာပြည်တွင်စစ်အစိုးက ငြိမ်းချမ်းစွာဆန္ဒပြမှုများအပေါ် ရက်စက်စွာချေမှုန်းတိုက်ခိုက်မှုများပြုပြီးနောက်၊ နှစ်နှစ်အလွန်တွင်ပင် သံဃာတော်ကြီးများမှာ ညှဉ်းပန်းနှိပ်စက်မှု၊ ခြောက်လန့်မှု၊ နှင့် ပြင်းထန်သော ထောင်ဒဏ်ချမှတ်မှုများကို ဆက်လက်ပြီးရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်သည် ဟု လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေး အဖွဲ့ကထုတ်ပြန်လိုက်သည့် ယနေ့ အစီရင်ခံစာသစ်တွင် ဆိုထားသည်။

စာမျက်နှာ ၉၉ မျက်နှာ ရှိသည့် "သံဃာတော်ကြီးများ၏ တော်လှန်ခုခံမှု၊ မြန်မာပြည်ရှိ ဗုဒ္ဓဘာသာနှင့်ဆန္ဒပြမှုများ" အစီရင်ခံစာကို မြန်မာပြည်အကြောင်းအချိန်ကြာမြင့်စွာစောင့်ကြည့်လေ့လာသူ ဘာတီ လင့်နာကရေးသားပြီး၊ ထိုအစီရင်ခံစာတွင်၂၀၀၇ စက်တင်ဘာလတွင် အစိုးအားဆန့်ကျင်သည့် ဆန္ဒပြမှုများကို ဦးဆောင်ခဲ့သူသံဃာတော်ကြီးများ၏ ကြုံတွေ့ခံစားနေရသော နှိပ်စက်မှုများအကြောင်းကို ရေးသားဖော်ပြထားသည်။ အစီရင်ခံစာတွင် အကျဉ်းချမှု၊ ရိုက်နှက်မှုနှင့် ဖမ်းဆီးမှုခံနေရသော သံဃာတော်များတဦးချင်းစီ၏ ဖြစ်ရပ်မှန်များကို ရေးသားပြုစုထားသည်။ သံဃာတော်များမှ အတိုက်အခံခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နေအိမ် လမ်းမထဲသို့ချီတက်ပြီးနောက် နှစ်နှစ်အကြာတွင်၊ ရာပေါင်းများစွာသော သံဃာတော်များမှာ ထောင်ထဲတွင်ကျခံရပြီး၊ ထောင်ပေါင်းများစွာမှာ စစ်အစိုး၏ ညှဉ်းပန်းနှိပ်စက်မှုဒဏ်ကို ဆက်လက်ပြီး စိုးရိမ်နေရဆဲဖြစ်သည်။ ဘုန်းကြီးကျောင်းများတွင် ဆက်လက်နေနေသော သံဃာတော်များမှာ အစဉ်မပြတ်စောင့်ကြည့်လေ့လာနေခြင်းကိုခံနေစဉ်၊  များစွာသော သံဃာတော်များမှာမူ ဘုန်းကြီးကျောင်းများကို စွန့်ခွာပြီး မိမိဇာတိမြို့ရွာသို့ပြန်ခြင်း (သို့) ပြည်ပတွင် ခိုလှုံခွင့်တောင်းခံခြင်းများပြုလုပ်ခဲ့ကြသည်။

"သံဃာတော်များကပြောပြတဲ့ ဖြစ်ရပ်များဟာ ဝမ်းနည်းစရာကောင်းပြီး၊ အင်မတန်မှ စိတ်ထိခိုက်စရာကောင်းပါတယ်၊ ဒါပေမယ့် ဒီလုပ်ရပ်တွေဟာ ညှဉ်းပန်းနှိပ်စက်မှု၊ ခြောက်လန့်မှုနှင့် အကြမ်းဖက်မှုများကိုသုံးပြီး အာဏာဆုပ်ကိုင်ချင်တဲ့ စစ်အစိုးရရဲ့ ဇာတိကို ပြသနေခြင်းပါပဲ" ဟု လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့၏ အာရှ စီစဉ်ညွှန်ကြားသူ ဘရက်အက်ဒမ်စ်ကဆိုသည်။ "ကိုယ်ကျင့်တရားအာဏာ မရှိတဲ့ ဒီစစ်အစိုးရကို အခုလို ကိုယ်ကျင့်တရားသမာသမတ်ရှိတဲ့ သံဃာတော်များ ကဆန့်ကျင်ခြင်းဟာ စစ်အစိုးရအတွက် အန္တရာယ်ဖြစ်နေတာတော့အမှန်ပဲ။"

၂၀၀၇ ခုနှစ် ကတည်းက ထောင်ပေါင်းများစွာသော သံဃာတော်များက လူဝတ်လဲခဲ့ကြပြီး၊ မြန်မာလူမှုအသိုင်းအဝိုင်းတွင် လူမှုရေးဖြန့်ဖြေပေးသူများအဖြစ် တာဝန်ထမ်းဆောင်နေခြင်းကို ဟန့်တားခံခဲ့ရသည်ဟု အစီရင်ခံစာကဆိုထားသည်။ ၂၀၀၈ ဆိုင်ကလုံးနာဂစ်ဖြစ်ပြီးနောက် သံဃာတော်များက ပြည်သူလူထုအား ကူညီမှုများအကြောင်းကို ယင်းအစီရင်ခံစာတွင်တင်ပြထားပြီး၊ ထိုကူညီမှုများကြောင့် သံဃာတော်များ ကြုံတွေ့ခဲ့ရသည့် ညှဉ်းပန်းနှိပ်စက်မှု ကျိုးကြောင်းစုံကိုလည်း ဖော်ပြထားသည်။

၂၀၀၇ ဒီဇင်ဘာလ အစီရင်ခံစာတွင်၊ ပြည်သူများနှင့် သံဃာတော်များအား ရိုက်နှက်၊ ပစ်ခတ်ရာ၌ ၂၁ ဦး သေဆုံးခဲ့ကြောင်း လူ့အခွင့်အရေးစောင့်ကြည့် လေ့လာရေးအဖွဲ့က တင်ပြခဲ့သည်။ ထောင်ပေါင်းများစွာသော သံဃာတော်များနှင့်အားပေးထောက်ခံ သူများမှာ အဖမ်းခံခဲ့ရသည်။

ဆန္ဒပြလှုပ်ရှားမှုများတွင် ဦးဆောင်ခဲ့သူများမှ သံဃာတပါးဖြစ်သည့် ဦးဂမ်ဘီရာမှ ထောင်ဒဏ် ၆၃ နှစ် ကျခံနေရခြင်းများအပါအဝင်၊ မြန်မာပြည်တွင် ယခုလက်ရှိ ထောင်ကျခံနေရသော သံဃာတော်များမှာ ၂၄၀ ပါး နီးနီး ရှိသည်။ အစီရင်ခံစာတွင် ဦးဂမ်ဘီရာက

> "ကျွန်တော်တို့ရဲ့ ကျောရိုးဟာ သံမဏိကျောရိုး၊ ဘယ်လို အကြမ်းဖက် မှုမျိုးကိုမှ ကျွန်တော်တို့လက်သင့်မခံဘူး။ နောက်ဆုတ်စရာအကြောင်းလည်း လုံးဝ မရှိဘူး။ ဒီ ခရီးစဉ်မှာ ကျွန်တော့်အသက်နှင့် အပေါင်းအပါတွေရဲ့ အသက်ပေးလှူရလည်း အကြောင်းမဟုတ်ဘူး။ တခြားလူတွေက ကျွန်တော်တို့ရဲ့ခြေရာကိုဆက်လက်လိုက်လာမှာပဲ။" ဟုဆိုထားသည်။

ဦးဂမ်ဘီရာမှာ အိန္ဒိယနယ်စပ်အနီး၊ မြန်မာပြည်အနောက်ဘက်ရှိ သီးခြား ထောင်တထောင်တွင် လက်ရှိ အကျဉ်းကျခံနေလျှက်ရှိပြီး၊ ကျန်းမာရေးမှာလည်း မကောင်းကြောင်းကြားသိရသည်။

စစ်အစိုးရသည် မယုံသင်္ကာသူမှန်သမျှကို လူဝတ်လဲခိုင်းပြီး၊ ရန်ကုန်နှင့် အခြားဒေသများဖြစ်သည့် ပခုက္ကူနှင့် မကွေးရှိ ဘုန်းကြီးကျောင်းများမှ ဦးဆောင် လုပ်ကိုင်ရာ ကျန်းမာရေးနှင့် လူမှုရေးဆိုင်ရာလုပ်ငန်းများကိုလည်း ပိတ်ပင်ခဲ့ပြီး၊ ဘုန်းကြီးကျောင်းများအား လေ့လာစောင့်ကြည့်မှုကိုလည်းပိုပြီးပြင်းထန်စွာလုပ်ခဲ့ သည်။ လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က မေးမြန်းခဲ့သည့် မန္တလေးမှ ဘုန်းကြီးတပါးက

> "ဘုန်းကြီးကျောင်းအပြင်မှာ စစ်တပ်ထောက်လှမ်းရေးအဖွဲ့ရှိပြီး၊ သူတို့က ဂိတ်ပေါက်ဝက လူဝင်လူထွက်မှန်သမျှကို စောင့်ကြည့်တယ်။ လုံခြုံရေးအဖွဲ့ထဲက လူတယောက်က မနက်၊ ညနေတိုင်းလာပြီး သံဃာတော်ဘယ်သူတွေနေကြောင်း လာစစ်ဆေးပြီးထွက်သွားတယ်။" ဟုဆိုသည်။

"အခုလို စစ်အစိုးရက ငြိမ်းချမ်းစွာ ဆန္ဒပြမှုတွေမှာပါဝင်ခဲ့တဲ့ သံဃာတော်ကြီးများကို ချောက်ချားစရာကောင်းတဲ့ပြုမူမှုတွေနဲ့ ဆက်ဆံနေတာဟာ သူတို့ရဲ့ ရက်စက်ကြမ်းကြုတ်မှုစရိုက်ကို ပြရုံသာမက၊ စစ်အစိုးရခေါင်းဆောင်တွေဟာ ပြည်သူတွေရဲ့ အတွေးအမြင်၊ ချင့်ချိန်ခံစားမှုတွေနဲ့ အင်မတန်ဝေးကွာနေတာကိုပြနေတာပဲဖြစ်တယ်" ဟု အက်ဒမ်စ်ကဆိုသည်။ "ပြည်သူတွေရဲ့လိုအပ်မှု၊ တောင့်တမှုတွေကိုလျစ်လျူရှုပြီး၊ သူတို့အာဏာ တည်တံ့ခိုင်မြဲစေမယ့် ပေါ်လစီမူကိုသာသုံးပြီး၊ လူထုဆီက တရားဝင်အုပ်ချုပ်မှု အာဏာမရတဲ့ ဒီစစ်အစိုးက အခုလိုလုပ်နေခြင်းဟာ ဆန်းတော့မဆန်းပါဘူး။"

ဤအစီရင်ခံစာသည် မြန်မာပြည်ရှိ ဗုဒ္ဓသံဃာတော်များ၏ နိုင်ငံရေးလှုပ်ရှားမှု ရာဇဝင်ကိုလည်း နောက်ကြောင်းပြန်တင်ပြထားသည်။ သံဃာတော်များက ၁၉၇၄၊ ၁၉၈၈ နှင့် ၁၉၉၀ ခုနှစ်များတွင် စစ်အစိုးရအားဆန့်ကျင်မှုများအပါအဝင်၊ ဗြိတိလျှကိုလိုနီ အားဆန့်ကျင်မှုများကအစ ၁၉၆၂ စစ်အစိုးရအာဏာသိမ်းပိုက်မှုအား ဆန့်ကျင်မှုများအဆုံး၊ မြန်မာပြည်အတွင်း ညှဉ်းပန်းနှိပ်စက်မှုကာလတလျှောက် လုံးတွင် သံဃာတော်ကြီးများက မည်သို့ အစိုးရအား နိုင်ငံရေးအား အာခံ ခဲ့ပုံများကို ဖော်ပြထားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) က သံဃာတော်များဦးဆောင်သည့် သက်တာချောင်ချိရေး၊ ကျန်းမာရေးနှင့် ပညာရေး ဆိုင်ရာ လုပ်ငန်းဝန်တာများကိုလည်း နှောင့်ယှက်ဖျက်ဆီးပြီး၊ တဖက်တွင်လည်း တရားဝင်အုပ်ချုပ်မှုအာဏာရရှိရန် ဝါရင့်သံဃာတော်ကြီးများနှင့် ဘုန်းကြီးကျောင်း များသို့ အဖိုးတန်လက်ဆောင်များ ပေးကမ်းလှုဒါန်းခြင်း၊ ကြီးမားလှသော စေတီပုထိုးများအားတည်ဆောက်ခြင်းဖြင့် ဗုဒ္ဓဘာသာကို ကိရိယာတခုဖွယ် အသုံးချနေလျှက်ရှိသည်။

"သာမန်လေ့လာသူများအနေနဲ့တော့ မြန်မာပြည်မှာ ရွှေဝါရောင်ဝတ်ရုံများနှင့် စေတီပုထိုးတည်ဆောက်မှုများကိုကြည့်ပြီး ဘာသာရေးလွတ်လပ်ခွင့်ရှိမယ်လို့ယူဆကြ မှာဖြစ်သော်လည်း၊ အမှန်မှာတော့ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများမှာပါဝင်ခဲ့တဲ့ သံဃာတော်ကြီးများဟာ လက်ရှိစစ်အစိုးရရဲ့ ပစ်မှတ်ထားခြင်းကို ခံနေရတယ်" ဟု အက်ဒမ်စ်က ဆိုသည်။

"သံဃာတော်ကြီးများ၏ တော်လှန်ခုခံမှု" အစီရင်ခံစာသည် ၂၀၁၀ ရွေးကောက်ပွဲများမတိုင်ခင်၊ အကျဉ်းကျခံနေရသော သံဃာတော်ကြီးများ အပါအဝင် နိုင်ငံရေးအကျဉ်းသား များအားလုံးကို ပြန်လွှတ်ပေးရန် စက်တင်ဘာ ၁၆ တွင်ထုတ်ပြန်သည့် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့၏ ကမ်ပိန်းကို ဖြည့်စွက်ပေးသည်။ သံဃာတော်ကြီးများ၊ သီလရှင်များ၊ လှုပ်ရှားသူများနှင့် အတိုက်အခံခေါင်းဆောင်များကို အကျဉ်းထောင်ထဲချပြီး ကျင်းပမည့် ရွေးကောက်ပွဲသည် ယုံကြည်လက်ခံဖွယ်ရာမရှိ၊ တရားဝင်မှုမရှိဟု တရုတ်၊ အိန္ဒိယ၊ အာဆီယံအဖွဲ့ဝင်များ၊ အမေရိကန်၊ ဥရောပသမဂ္ဂ၊ ဩစတေးလျနှင့် ဂျပန်နိုင်ငံအစိုးရသစ်များအပါအဝင် နိုင်ငံတကာ အသိုင်းအဝန်းရှိ အဓိကနိုင်ငံရေးသရုပ်ဆောင်လှုပ်ရှားသူများအားလုံးက စစ်အစိုးရအား အတိအလင်းပြောဆိုသွားရန် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ဆိုသည်။

"လူထုတွေရဲ့ ဒေါသဟာ မြန်မာပြည်မှာ ဆက်လက်မြင့်မားနေဆဲပဲ၊ နိုင်ငံတကာ အသိုင်းအဝန်းအနေနဲ့ စစ်အစိုးရကို သိသာသောနိုင်ငံရေးပြောင်းလဲမှုများလုပ်သွားရန် ဖိအားမပေးနိုင်ရင်တော့၊ ၂၀၀၇ က လို ဆန္ဒပြမှုများ ဆက်လက် ပေါ်ထွက်လာနိုင်တယ်။" ဟု အက်ဒမ်စ်ကဆိုသည်။ "နိုင်ငံရေးဆိုးရွားနေမှုတွေ ဘာမှ မပြောင်းလဲလာဘူး ဆိုရင်တော့ သံဃာတော်များ လမ်းမပေါ်တက်ပြီး ပြန်လည်ဆန္ဒပြလာခဲ့ရင် ဆန်းမှာမဟုတ်ပါဘူး။"

**အစီရင်ခံစာထဲမှ ရွေးနုတ်ဖော်ပြချက်များ**

"ကျွန်တော်တို့သံဃာတော်တို့အတွက်တော့၊ နိုင်ငံရေးလုပ်နေတာမဟုတ်ဘူး၊ ဘာသာရေးလုပ်နေတာ။ ကျွန်တော်တို့က လမ်းမပေါ်ထွက်ပြီး မေတ္တာစုတ္တကို ရွတ်ဆိုတာပဲ။ အစိုးရကို ဖြုတ်ချဖို့ အကြမ်းဖက်မှုကိုလှုံ့ဆော်တာမျိုး လည်းမလုပ်ခဲ့ဘူး … ကျွန်တော်တို့လိုချင်တာက အစိုးရအနေနဲ့ပြည်သူလူထုအတွက် ပိုမိုကောင်းမွန်တဲ့ ပေါ်လစီမူကို ချမှတ်ပေးဖို့ပါပဲ။ ဒါကြောင့် သပိတ်တွေကို မှောက်ပြီး စစ်အစိုးရကို ဆန္ဒပြဖို့ ဆုံးဖြစ်ခဲ့ကြတာပါပဲ။ အဲဒါကို ပိတ္တနိက္ကဇ္ဇနကဆောင်တယ်လို့ခေါ်တယ်။ ကျွန်တော်တို့သံဃာတော်တွေဟာ အစားအစာ၊ ဆေးဝါး ဒါမှမဟုတ် အခြားဘယ်အရာကိုမှ စစ်အစိုးရဆီက လက်မခံတော့ဘူး။ ဒီနည်းလမ်းဟာ ကျွန်တော်တို့သံဃာတော်တွေလုပ်နိုင်တဲ့ တခုတည်းသောနည်းလမ်းပါပဲ။ ဒါဟာ နိုင်ငံရေးနဲ့ ဘယ်လိုမှ ဆက်နွယ်မှုမရှိပါဘူး။"
– ဗုဒ္ဓဘာသာ ဘုန်းကြီး ဦးဗီဆီတာက ၂၀၀၇ ဆန္ဒပြမှုတွင်ပါဝင်ခဲ့သည့် သူ၏ အခန်းကဏ္ဍအကြောင်းပြောပြခြင်း၊ ၂၀၀၈

"စစ်အစိုးရဟာ လွန်ခဲ့သောနှစ်ပေါင်းများစွာက ကျွန်တော်တို့ဆီက လွတ်လတ်မှုတွေကို ခိုးယူသွားခဲ့တယ်။ ဒါပေမယ့်သူတို့ရဲ့ဖမ်းဆီးမှု၊ သတ်ဖြတ်မှု၊ ညှဉ်းပန်းနှိပ်စက်မှုတွေဟာ လွတ်လတ်မှုကိုဆောင်လောင်တဲ့ ကျွန်တော်တို့ရဲ့ဆန္ဒကိုတော့ မဖျက်ဆီးနိုင်ကြဘူး။ ကျွန်တော်တို့ကသူတို့ရဲ့ အကောင်းဆုံးထိုးချက်ကို ရယူခဲ့တယ်။ အခုအချိန်ဟာ စစ်ခေါင်းဆောင်တွေက သူတို့လုပ်ရပ်တွေရဲ့ ရလဒ်ကို ပြန်လည်ကြောက်ရွံ့နေရမယ့် အချိန်ပဲ။

ကျွန်တော်တို့ရဲ့ ကျောင်းရှိုးဟာ သံမဏိကျောင်းရိုး၊ ဘယ်လို အကြမ်းဖက်မှုမျိုးကိုမှ ကျွန်တော်တို့လက်သင့်မခံဘူး။ နောက်ဆုတ်စရာအကြောင်းလည်း လုံးဝ မရှိဘူး။ ဒီခရီးစဉ်မှာ ကျွန်တော့်အသက်နှင့် အပေါင်းအပါတွေရဲ့ အသက်ပေးလှူရလည်း အကြောင်းမဟုတ်ဘူး။ တခြားလူတွေက ကျွန်တော်တို့ရဲ့ခြေရာကိုဆက်လက် လိုက်လာမှာပဲ။”

– ဗုဒ္ဓဘာသာ ဘုန်းကြီး၊ ဆန္ဒပြခေါင်းဆောင် ဦးဂမ်ဘီရာ၊ နိုဝင်ဘာ ၂၀၀၇

“ကျွန်တော့်ကိုဆို တချိန်လုံးစောင့်ကြည့်နေကြတာပဲ။ ကျွန်တော့်ကိုစည်းရုံးသူ တယောက်လို့ သတ်မှတ်ထားကြတယ်။ နေ့လည်မွန်းတည့်နဲ့ မွန်းလွဲ ၂ နာရီကြားမှာ ဘုန်းကြီးကျောင်းကနေ အပြင်ထွက်ဖို့ခွင့်ပြုတယ်။ ဒါပေမယ့် ဆက်ပြီးနောက်ယောင်ခံလိုက်ခြင်းခံရတာပဲ။ ဒီအစည်းအဝေးကိုတက်ဖို့တောင် မနည်းရှောင်ပြီး ထွက်လာခဲ့ရတယ်။ ကျွန်တော် မကြောက်ဘူး၊ ကျွန်တော့်အတွက်တော့ မကြောက်ဘူး။ နိုင်ငံခြားသတင်းထောက်သမားတွေကို ဖြစ်ရပ်ကုန်စင်ပြောပြဖို့လည်း ကျွန်တော်မကြောက်ဘူး။ အခွင့်အရေးပြန်ရခဲ့ရင်လည်း ပြန်လည်ချီတက်ဖို့ အဆင်သင့်ပဲ။ ဒီအစိုးရကို ကျွန်တော်တို့ မကြောက်ဘူး၊ ဒီလိုပဲ ဘုန်းကြီးကျောင်းမှာရှိတဲ့သူ အားလုံးကခံယူထားတယ်။”

– ဗုဒ္ဓဘာသာ ဘုန်းကြီး ဦးမနီတာ၊ မြန်မာပြည်၊ ဇူလိုင် ၂၀၀၈

“(စက်တင်ဘာ ၂၀၀၇) မှာ တစုံတခုကို အောင်မြင်မှုရရှိလိုက်တယ်။ သံဃာတော်မျိုးဆက်သစ်တခုလုံးမှာ နိုင်ငံရေးတွေနဲ့လွှမ်းမိုးသွားတယ်။ သူတို့ကို ဆက်ပြီးပညာပေးနေတုန်းပဲ။ စစ်အစိုးရကို ဆက်ပြီး ဆန္ဒပြနေမြဲပဲ။ ပေးကမ်းလှူဒါန်းမှု၊ လက်ဆောင်တွေကိုလည်း သူတို့ဆီက လက်မခံဘူး။ ဒီအစိုးရ ပြုတ်ကျဖို့ သေချာတယ်လို့ပြောနိုင်တာ ဂလိုဘယ်လိုင်ဇေးရှင်း ကြောင့်ပဲ။ ဘယ်နိုင်ငံမှ အရင်ကလို သီးသန့်ခွဲနေလို့မရနိုင်တော့ဘူး။ အင်ဒိုနီးရှားကိုကြည့်ပါလား၊ စစ်အစိုးအာဏာပြုတ်ကျတာပဲ။ အခုအချိန်ဟာ ဒီမိုကရေစီ အချိန်ဖြစ်တယ်။ ကမ္ဘာ့ကုလသမဂ္ဂလုံခြုံရေးအဖွဲ့ကောင်စီအနေနဲ့ မြန်မာ့အရေး အကြောင်းကိုတာဝန်ယူဖို့၊ ကမ္ဘာ့ကုလသမဂ္ဂအနေဖြင့် မြန်မာပြည်တွင် ဖြစ်ပျက်ခဲ့သမျှကို လေ့လာစုံစမ်းဖို့ ... ဒါပေမယ့်၊ တရုတ်နဲ့ ရုရှားက ဗီတိုအာဏာသုံးနိုင်တယ်။ ကျေးဇူးပြုပြီး တို့နိုင်ငံမှာဖြစ်ပျက်နေသမျှတွေကို ကမ္ဘာအား ပြောပြပေးပါ။”

– ဗုဒ္ဓဘာသာ ဘုန်းကြီးဦးအီဂရ၊ မြန်မာပြည်၊ ဇူလိုင်လ ၂၀၀၈